# First Sunday of Lent - Year A

## ဝါတွင်းပထမတနင်္ဂနွေနေ့။

ပထမကျမ်း။

### “ကျွန်ုပ်တို့၏မိဦးဖဦးတို့ကိုဖန်ဆင်းခြင်းနှင့်အပြစ်ကျခြင်း။”

*ကမ္ဘာဦးကျမ်း။ ၂း၇-၉။ ၃၊ ၁-၇။*

အရှင်သခင်ဘုရားသည် မြေမှုန့်ဖြင့်လူကိုဖန်ဆင်း၍ သူ၏နှာခေါင်းထဲသို့ဇီဝအသက်ကိုမှုတ်သွင်းတော်မူလျှင် လူသည်အသက်ရှင်သော သတ္တဝါဖြစ်လာလေ၏။ အရှင်သခင်ဘုရားသည် အရှေ့မျက်နှာဧဒင်အရပ်၌ ဥယျာဉ်ကို စိုက်ပျိုးပြီးလျှင် ဖန်ဆင်းတော်မူသောလူကို ထိုဥယျာဉ်၌ နေရာချထားတော်မူ၏။ ထိုမြေထဲက အဆင်းလှ၍ စားဖွယ်ကောင်းသောအပင် အမျိုးမျိုးကိုအရှင်သခင်ဘုရားသည် ပေါက်စေတော်မူ၏။ ထိုဥယျာဉ်အလယ်၌ အသက်ပင်လည်း ရှိ၏။ ကောင်းမကောင်းကို သိကျွမ်း ရန်အပင်လည်းရှိ၏။

မြွေသည်သခင်ဘုရားဖန်ဆင်းတော်မူသော မြေတိရစ္ဆာန်တကာတို့ထက်ကောက်ကျစ်စဉ်းလဲသည်ဖြစ်၍ မိန်းမအား သင်တို့သည် ဥယျာဉ်၌ရှိသမျှသောအပင်တို့၏ အသီးကိုမစားရဟုဧကန်စင်စစ်အရှင်ဘုရား မိန့်တော်မူသလောဟုမေး၏။ မိန်းမကလည်း ငါတို့သည် ဥယျာဉ်၌ရှိသော အပင်တို့၏အသီးကိုစားရသောအခွင့်ရှိ၏။ ဥယျာဉ်အလယ်၌ရှိသော အသီးကိုကား သင်တို့သည်မကိုင် မစားဘဲနေကြလော့။ သို့မဟုတ်ပါက သေလိမ့်မည်ဟု ဘုရားသခင်အမိန့်တော်ရှိသည်ဟုမြွေအားဆို၏။ မြွေကလည်းသင်တို့သည် ဘယ်နည်းနှင့်မျှ သေရမည်မဟုတ်။ အကြောင်းမူကား ထိုအသီးကိုစားသောနေ့၌ သင်တို့သည်မျက်စိပွင့်လင်းလျက် အကောင်း၊ မကောင်းကို သိ၍ ဘုရားသခင်ကဲ့သို့ဖြစ်ကြမည်ကို ဘုရားသခင်သိတော်မူသည်ဟုမိန်းမအားဆို၏။ ထိုအပင်သည်စားဖွယ်ကောင်းခြင်း၊ အဆင်းလှခြင်း၊ ပညာတိုးပွားစေလိုသော ငှါနှစ်သက်ဖွယ်သောအပင်ဖြစ်ခြင်းကို မိန်းမသည်မြင်လျှင်အသီးကိုယူ၍စား၏။ မိမိခင်ပွန်းအားလည်းပေး၍ သူသည်လည်းစား၏။ ထိုသူနှစ်ယောက်တို့သည် မျက်စိပွင့်လင်း၍ မိမိတို့၏ အဝတ်အချည်းအစည်း ရှိသည်ကိုသိမြင်လျှင် မိမိတို့ဝတ်ရန် သင်္ဘောသဖန်းပင်ရွက်တို့ကို ချုပ်စပ်၍ ခါးစည်းကိုလုပ်ကြ၏။

*ဤသည်ကားဘုရားသခင်၏နှုတ်ကပါဌ်တော်ပေတည်း။*

## ဆာလံသီချင်းချီးကျူးခြင်း။

ဆာလံ-၅၀

သံပြိုင်- အိုဘုရားသခင်ကျွန်ုပ်တို့သည်အပြစ်ပြုမိခဲ့ကြသောကြောင့်သနားတော်မူပါ။

- အိုဘုရားသခင်ကိုယ်တော်၏ မဟာကရုဏာတော်မြတ်အတိုင်း ကျွန်ုပ်ကိုသနားတော်မူပါ။ ကိုယ်တော်သည် ကရုဏာမေတ္တာ တော်ရှင်ဖြစ်သည်နှင့်အညီ ကျွန်ုပ်၏အပြစ်ကိုအခွင့်လွှတ်တော်မူပါ။ ကျွန်ုပ်၏ဒုစရိုက်အညစ်အကြေးကို အကုန်အစင်ဆေးကြော၍ အပြစ်မှကျွန်ုပ်ကိုသန့်ရှင်းစေတော်မူပါ။ (သံပြိုင်)
- အကြောင်းမူကား ကျွန်ုပ်၏မိုက်မှားခြင်းကို ကျွန်ုပ်သိမှတ်ဝန်ခံပါ၏။ ကျွန်ုပ်၏အပြစ်ကို ကျွန်ုပ်အစဉ်အောက်မေ့ လျက်ရှိနေပါ၏။ ကိုယ်တော်ကိုသာလျှင် ကျွန်ုပ်ပြစ်မှားမိခဲ့ပါပြီ။ ကိုယ်တော်၏ မျက်မှောက်တော်၌ ဒုစရိုက်ကိုပြုမိပါ၏။ သို့ဖြစ်၍ ကိုယ်တော်၏အမိန့် ချမှတ်တော်မူချက်သည် မှန်ကန်ပေ၏။ ကိုယ်တော် ၏တရား စီရင်ချက်သည်လည်း ဖြောင့်မတ်ပေ၏။ (သံပြိုင်)။
- ကျွန်ုပ်၌သန့်ရှင်းသောစိတ်ကိုဖန်ဆင်းတော်မူပါ။ ထိုစိတ်ထဲ၌ဖြောင့်မတ်တည်ကြည်သော သဘောကိုပေးတော် မူပါ။ ကျွန်ုပ်ကိုကိုယ်တော်၏ အထံတော်မှနှင်ထုတ်တော်မမူပါနှင့်။ ကိုယ်တော်၏ သန့်ရှင်းသောဝိညာဉ်တော်ကိုလည်း ကျွန်ုပ်မှ ရုတ်သိမ်းတော်မမူပါနှင့်။ (သံပြိုင်)။
- ကိုယ်တော်၏ခွင့်လွှတ်တော်မူခြင်းဖြင့် ဝမ်းမြောက်ခြင်းကိုပေးသနားတော်မူပါ။ ကျွန်ုပ်အားရက်ရောသော စေတနာစိတ်ကိုပေးတော်မူပါ။ အိုဘုရားသခင်ကျွန်ုပ်၏နှုတ်ခမ်းကိုဖွင့်တော်မူပါ။ ကျွန်ုပ်၏နှုတ်လျှာသည် လည်း ကိုယ်တော်၏ဘုန်းဂုဏ်တော်ကိုချီးမြှောက်ပါလိမ့်မည်။ (သံပြိုင်)

ဒုတိယကျမ်း။

## "အပြစ်ဒုစရိုက်ပွားများသောနေရာ၌ ဘုရားသခင်၏ကျေးဇူးတော်သည်ပို၍များပြား၏။"

*မှန်မြတ်သောတပည့်တော်ကြီးသံပေါလူး ရောမ်မားမြို့သားတို့ထံရေးသောစာ။ (၅၊ ၁၂မှ၁၉ အထိ)*

ညီအစ်ကိုတို့။

တစ်ယောက်သောသူအားဖြင့် အပြစ်သည်ဤလောကသို့ဝင်လာ၍ ထိုအပြစ်ကြောင့်သေခြင်းတရားဖြစ်ပေါ်လာရသည်နည်းတူ၊ လူအားလုံးတို့သည်ထိုသူ၏အပြစ်၌ပါဝင်ကြသည်ဖြစ်၍ သေခြင်းတရားသည်လူအားလုံးတို့သို့ ပျံ့နှံ့ရသည်။ ပညတ်တရားများပေးမထားမီ အပြစ်သည်ဤလောက၌ရှိခဲ့သော်လည်း ပညတ်တရားများပေးထားခြင်းမရှိသေးသောကြောင့် တရားဥပဒေတို့ ကျူးလွန်သည်ဟူ၍သတ်မှတ်ခြင်းမရှိခဲ့ပေ။ သို့သော်လည်း အာဒံမှစ၍မိုးဇယ်လက်ထက်တိုင်အောင် အာဒါန်ပြစ်မှားသကဲ့သို့မပြစ်မှားသောသူတို့ကိုပင်သေခြင်းတရားစိုးမိုးခဲ့လေသည်။ အာဒံသည် နောင်ကြွလာလတ္တံ့သောသူ၏ ပုံသဏ္ဍာန်ဖြစ်သတည်း။ အပြစ်နှင့်ကျေးဇူးတော်သည်လွန်စွာခြားနားလေသည်။ လူတစ်ယောက်အပြစ်ကြောင့်လူအများတို့သည်သေခြင်းဒဏ်ခံကြရသည်။ သို့သော်လူတစ်ယောက်တည်းဟူသောယေရှုခရစ္စတူးအားဖြင့် အခမဲ့ခံယူရသော ကျေးဇူးတော်များသည်အဆမတန်ပို၍ကြွယ်ဝပြည့်စုံလေသည်။ ကျေးဇူးတော်၏ အကျိုးသည်အပြစ်တစ်ခုမှဖြစ်ပေါ်လာသောမကောင်းကျိုးနှင့်မတူပေ။ အဘယ်ကြောင့်ဆိုသော် အပြစ်တစ်ခုတည်းကျူးလွန်မှု ဖြင့်အပြစ်ဒဏ်စီရင်ခြင်းခံရသည်။ ကျေးဇူးတော်မူကားအပြစ်သို့ကြိမ်ဖန်များစွာကျပြီးနောက် လွတ်ခွင့်ချမ်းသာပေးသည်။ လူတစ်ယောက်၏အပြစ်ကြောင့်သေခြင်းတရားသည် ထိုသူအားဖြင့်စိုးမိုးခဲ့သည်အမှန်ဖြစ်သည်။ သို့သော်လူတစ်ယောက်တည်း ဟူသောယေရှုခရစ္စတူးသခင်အားဖြင့် ဖြောင့်မတ်ခြင်း ကျေးဇူးတော်ကို အခမဲ့အပြည့်အဝခံစားကြသောသူတို့သည် အသက်ရှင်ခြင်းချမ်းသာကို လူအပေါင်းတို့ စံစားကြလိမ့်မည်ဟုဆိုခြင်းသည်ပို၍ မှန်ပေသည်။ လူတစ်ယောက်အပြစ်ကြောင့် လူအပေါင်းတို့သည် အပြစ်စီရင်ခြင်းခံကြရသည်နည်းတူ တစ်ယောက်သောသူ၏ ဖြောင့်မတ်ခြင်းကြောင့် လူအားလုံးတို့သည် ဖြောင့်မတ်ခြင်းကျေးဇူးတော်ကိုခံကြရသည်။ လူတစ်ယောက်နားမထောင်သောကြောင့်လူအများ အပြစ်ရှိသူများဖြစ်ကြရသည်နည်းတူ လူတစ်ယောက်သည် နားထောင်သောကြောင့် အများတို့သည်ဖြောင့်မတ်သောသူများဖြစ်ကြရသည်။

***ဤသည်ကားဘုရားသခင်၏နှုတ်ကပါဌ်တော်ပေတည်း။***

ဝံဂေလိကျမ်းဗဟုတ်မီ ကြေးကြော်သံ၊ (သံမာတေဦး— ၄၊၄)

လူသည် အစာအားဖြင့် သာမဟုတ်သေး၊ ဘုရားသခင်နှုတ်တော်မှထွက်သမျှသောစကားတို့ဖြင့်လည်း အသက်ရှင်ရသည်။

**ဧဝံဂေလိကျမ်း။**

**"ယေရှုသခင်သည်အရက်လေးဆယ်လုံးဝါရှောင်ပြီးနောက် နှောင့်ယှက်ခြင်းကိုခံတော်မူသည်။"**

*သံမာတေဦးရေးထားသောသန့်ရှင်းသောဧဝံဂေလိကျမ်း။ (၄၊၁မှ၁၁ အထိ)*

ထိုကာလ၌နတ်ဆိုး၏နှောင့်ယှက်ခြင်းကိုခံစေခြင်းငှါ ဝိညာဉ်တော်သည် ယေရှုကို တောကန္တာရသို့ ပို့ဆောင်တော်မူ၏။ ကိုယ်တော်သည်နေ့လေးဆယ်၊ ညလေးဆယ်ပတ်လုံး အစာအဟာရကိုမသုံးမဆောင်ဘဲ နေပြီးမှ မွတ်သိပ်ခြင်းသို့ ရောက်တော်မူ၏။ နှောင့်ယှက်တတ်သောသူသည်အထံတော်သို့ချဉ်းကပ်၍ သင်သည် ဘုရား၏သားတော် မှန်လျှင် ဤကျောက်ခဲများကိုပေါင်မုန့် ဖြစ်အောင်အမိန့်ရှိတော်မူပါဟုလျှောက်လေ၏။ ကိုယ်တော်သည်လည်း လူသည်မုန့်အားဖြင့် သာလျှင်မဟုတ်သေး။ ဘုရားသခင်နှုတ်တော်မှထွက်လေသမျှသော စကားဖြင့်လည်း အသက်ရှင်ရသည်ဟူ၍ကျမ်းစာလာသည်ဟုပြန်ပြောတော်မူ၏။ ထိုအခါ နတ်ဆိုးသည် ကိုယ်တော်ကိုသန့်ရှင်းသောမြို့တော်သို့ဆောင်ယူ၍ ဗိမာန်တော်၏အထွတ်ပေါ်တွင်တင်၍ထားပြီးလျှင် သင်သည်ဘုရား၏သားတော်မှန်လျှင် သင့်ကိုယ်ကိုအောက်သို့ချလိုက်ပါလော့။ အကြောင်းမူကားကျမ်းစာလာသည်မှာ သင်၏အဖို့မိမိတမန်တော်တို့အား မှာထားတော်မူသည်ဖြစ်၍ သင်၏ခြေကိုကျောက်နှင့်မထိမခိုက်စေခြင်းငှါ သူတို့သည်သင့်ကို လက်ဖြင့်ချီပင့်လိမ့်မည်တည်းဟု လျှောက်လေ၏။ ယေရှုကလည်း သင်၏အရှင်ဖြစ်တော်မူသော ဘုရားသခင်ကို စုံစမ်းခြင်းမပြုရဟူ၍ ကျမ်းစာလာပြန်သည်ဟုမိန့်တော်မူ၏။ တစ်ဖန်နတ်ဆိုးသည် ကိုယ်တော်ကိုအလွန်မြင့်လှစွာသော တောင်ပေါ်သို့ ဆောင်ယူပြီးလျှင် လောကတိုင်းနိုင်ငံအပေါင်း တို့နှင့် ၎င်းတို့၏ဘုန်းစည်းစိမ်ကိုပြ၍ သင်သည်ပျပ်ဝပ်လျက် ငါ့ကိုရှိခိုးလျှင် ဤအရာခပ်သိမ်းတို့ကိုသင့်အားငါပေးမည် ဟုဆိုလေ၏။ ယေရှုကလည်းဆုတ်ဟဲ့စာတန်၊ ကျမ်းစာလာသည်ကား သင်၏အရှင်ဘုရားသခင်ကိုရှိခိုးရမည်။ ကိုယ်တော်တစ်ပါးကိုသာလျှင် ဝတ်ပြုရမည်ဟူ၍မိန့်တော်မူ၏။ ထိုအခါ နတ်ဆိုးသည် အထံတော်မှဆုတ်ခွာ၍ ကောင်းကင်တမန်တို့သည်ချက်ခြင်း ချဉ်းကပ်ကြလျက် ကိုယ်တော်အား လိုရာကိစ္စများကို ရွက်ဆောင် ကြလေ၏။

*ဤသည်ကားဘုရားသခင်၏နှုတ်ကပါဌ်တော်ပေတည်း။*